၅။ ကွင်းပြင်ကျယ်တွင် လူစုလူဝေးဖြစ်နေပါက
အမြန်ဆုံးလူစုခွဲပါ။



၆။ သွပ်ဆူးကြိုးကာထားသော ခြံစည်းရိုး၊ သံထည်ပစ္စည်း၊
သံလမ်းများအနီးတွင် မနေပါနှင့်။



၇။ ရေလွှမ်းနေသော လမ်းများပေါ်သို့ သွားလာခြင်း၊
ရပ်နေခြင်းမပြုပါနှင့်။






၈။ လွင်တီးခေါင်ကုန်းပြင်ရှိ သစ်ပင်၊ အဆောက်အအုံ
အနီးတွင် မနေပါနှင့်။




## လျှပ်စီးလက်ခြင်း ဖြစ်ပွားပြီးနောက် လိုက်နာရန်အချက်များ

၁။ မိုးကြိုးပစ်ပြီး နာရီဝက်ခန့်ကြာ ဘေးကင်းလုံခြုံမှသာ
အပြင်ထွက်ပါ။





၂။ မိုးကြိုးပစ်ခံရသော သစ်ပင်များမီးလောင်ခြင်းမှ
နေအိမ်များသို့ ကူးစက်နိုင်သဖြင့် သတိထား ကြည့်ရှု
နေထိုင်ပါ။





၃။ လျှပ်စစ်မီးကြိုးများပြတ်တောက်ခြင်းကို သတိထား
ရှောင်ရှားပါ။ တွေ့ရှိပါက သက်ဆိုင်ရာသို့ အမြန်ဆုံး
သတင်းပို့ပါ။ ဘေးပတ်ဝန်းကျင်ကိုလည်း သတိပေးပါ။




၄။ မိုးကြိုးစက်ကွင်းထိထားသော လူနာများအား
အမြန်ဆုံး ဆေးအကူအညီ ရရှိရေးဆောင်ရွက်ပါ။

၅။ ကလေးသူငယ်၊ အမျိုးသမီး၊ သက်ကြီးရွယ်အိုနှင့်
မသန်စွမ်းသူ များကို အထူးဂရုပြု ကူညီပါ။



**<u>သဘာဝဘေးအန္တရာယ်ကြိုတင်လျှော့ချရေးဆက်သွယ်ရန်</u>**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန
ရုံးအမှတ်(၂၃) နေပြည်တော်
ဖုန်း - ၀၆၇-၄၀၄၃၁၈၊ ၀၆၇-၄၀၄၁၁၄ ဖက်စ်- ၀၆၇-၄၀၄၅၁၂
၂၄ နာရီဆက်သွယ်ရန် - ၀၆၇ - ၄၀၄၆၆၆၊ ၀၆၇ - ၄၀၄၇၇၇
Email - reliefsection11@gmail.com ,
myanmareoc.rrd@gmail.com

App Store

သဘာဝဘေးအန္တရာယ်ဆိုင်ရာ
သတင်းအချက်အလက်များကိုအချိန်နှင့်တစ်ပြေးညီ
သိရှိနိုင်ဖို့ DAN Myanmar Application ကိုယခုပဲအခမဲ့ရယူလိုက်ပါ

Google Play

http://chalkandslate.co/rrd/dan.apk
Android Version အတွက် တိုက်ရိုက် ရယူရန်

Developed by ;

In collaboration with ;
DRR Working Group Myanmar
MCCDDM

Printed by ;
USAID FROM THE AMERICAN PEOPLE
ASDA

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

## လျှပ်စီးလက်ခြင်း၊မိုးကြိုးပစ်ခြင်း ပညာပေးစာစောင်

မိုးကြိုးပစ်ခြင်းသည် မိုးကြိုကာလ (ဧပြီလနှင့် မေလ) နှင့် မိုးနှောင်းကာလ (အောက်တိုဘာလနှင့် နိုဝင်ဘာလ) များတွင် များသောအားဖြင့်ဖြစ်ပေါ်လေ့ရှိသည်။ မိမိတို့ဒေသအနီးတစ်ဝိုက်တွင် မိုးခြိမ်းခြင်းနှင့် လျှပ်စီးလက်ခြင်းတို့ မကြာခဏဖြစ်ပေါ်နေပါကမိုးကြိုးပစ်နိုင်သည့်အန္တရာယ်ရှိနိုင်ပါသည်။



## လျှပ်စီးလက်ခြင်းမဖြစ်မီကြိုတင် လုပ်ဆောင်ရန်အချက်များ


၁။နေအိမ်အဆောက်အအုံများတွင်
မိုးကြိုးလွှဲတပ်ဆင်အသုံးပြုပါ။



၂။ ပြတင်းပေါက်မှန်များအား အလင်းဝင်ရောက်မှုမှ ကာကွယ်ပါ။ (စက္ကူကပ်ခြင်း၊ လိုက်ကာတပ်ဆင်ခြင်း)



၃။ လျှပ်စစ်မီးဖြတ်သောပင်မမိန်းခလုတ်များတပ်ဆင်ပါ။




၄။ ကလေးသူငယ်၊ အမျိုးသမီး၊ သက်ကြီးရွယ်အို နှင့် မသန်စွမ်း အပါအဝင် မိသားစုဝင်များအား မိုးကြိုး အန္တရာယ်နှင့် ဆောင်ရန် ရှောင်ရန်သတိပေးချက်များ အသိပေးထားပါ။






## လျှပ်စီးလက်မှုဖြစ်ပွားစဉ်အိမ်အတွင်း ရှိနေလျှင်

၁။ လျှပ်စီးလက်မှုဖြစ်ပွားစဉ်ရေသုံးစွဲခြင်း၊ရေချိုးခြင်းမပြု လုပ်ပါနှင့်၊ သတ္တုနှင့်ဆက်စပ်ပစ္စည်းများတွင်လျှပ်စီးဝင် နိုင်သည်ကိုသတိပြုပါ။



၂။ သံနှင့်ပြုလုပ်ထားသော အရာဝတ္ထုများနှင့် ဝေးဝေးနေပါ။




၃။ တယ်လီဖုန်းများ အသုံးမပြုပါနှင့်။






၄။ အိမ်တွင်းလျှပ်စစ်အသုံးအဆောင်ပစ္စည်းများမှ မီးပလပ်များဖြုတ်ထားပါ။ မီးခလုတ်များပိတ် ထားပါ။




၅။ ပြတင်းပေါက်နှင့်ဝေးရာတွင်နေပါ။



## လျှပ်စီးလက်မှုဖြစ်ပွားစဉ် အိမ်အပြင်တွင်ရှိနေလျှင်

၁။ မိမိနေထိုင်သောနေရာအနီးတစ်ဝိုက်တွင် မိုးကြိုး ပစ်နိုင်သည့် အန္တရာယ်ရှိပါက အိမ်အတွင်း (သို့မဟုတ်) အဆောက်အအုံအတွင်းသို့ဝင်ပါ။





၂။ ကွင်းပြင်သို့မဟုတ် သစ်တောများထဲသို့ရောက်ရှိ နေပါက သစ်ပင်ငယ်များရှိနေသည့်အနိမ့်ပိုင်းသို့ ဝင်ရောက်ပြီးအကာအကွယ်ယူပါ။



၃။ ဆံပင်များထောင်လာသည်ဟုခံစားရပါက ဒူးပေါ်လက်ယှက်တင်၍ ပုဆစ်တုပ်ထိုင်ပါ။ ဝမ်းလျားမမှောက်ပါနှင့်။



၄။ စက်ဘီး/ဆိုင်ကယ်ပေါ်တွင် ရောက်ရှိနေပါက အမြန်ဆုံးဆင်းပါ။

